ဒါးဒေါက်ကျေးရွာ

ဒါးဒေါက်ကျေးရွာအုပ်စု၊

ထန်းတပင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇-၂၀၁၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒါးဒေါက်ကျေးရွာ၊ထန်းတပင်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ဇွန်လ

မာတိကာ

၁။ ဒါးဒေါက်ကျေးရွာအုပ်စု၊ ဒါးဒေါက်ကျေးရွာ၏ရာသီခွင်ပြပြကွဒိန် ၃

၂. ဒါးဒေါက်ကျေးရွာအုပ်စု၊ ဒါးဒေါက်ကျေးရွာ၏သယံဇာတပြမြေပုံ ၄

၃. ဒါးဒေါက်ကျေးရွာအုပ်စု၊ ဒါးဒေါက်ကျေးရွာ၏ ကျေးရွာတွင်း၊ ရွာပြင် ၅

အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ

၄. ဒါးဒေါက်ကျေးရွာအုပ်စု၊ ဒါးဒေါက်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ ၆

(က) တည်နေရာနှင့်ပထဝီအနေအထား ၆

(ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

(ဂ) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၆

(ဃ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၆-၇

(င) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ ၇

(စ) ပညာရေး ၇

(ဆ) ကျန်းမာရေး ၈

(ဇ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈

(ဈ) ကျား - မရေးရာ ၈

၅။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ၉-၁၀


နောက်ဆက်တွဲများ

. နောက်ဆက်တွဲ၁ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၁


. နောက်ဆက်တွဲ၂ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၂-၁၁

. နောက်ဆက်တွဲ၃ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား ၁၂


၁. ထန်းတပင်မြို့နယ်၊ ဒါးဒေါက်ကျေးရွာအုပ်စု၊ ဒါးဒေါက်ကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန်



၂. ထန်းတပင်မြို့နယ်၊ ဒါးဒေါက်ကျေးရွာအုပ်စု၊ ဒါးဒေါက်ကျေးရွာ၏သယံဇာတပြမြေပုံ



၃. ထန်းတပင်မြို့နယ်၊ ဒါးဒေါက်ကျေးရွာအုပ်စု၊ ဒါးဒေါက်ကျေးရွာ၏ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ



၄. ထန်းတပင်မြို့နယ်၊ ဒါးဒေါက်ကျေးရွာအုပ်စု၊ ဒါးဒေါက်ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

(က) ပထဝီအနေအထားနှင့် တည်နေရာ

ကျွန်တော်တို့ကျေးရွာသည် ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၏ တောင်ဘက် (၁၆)မိုင်ခန့်အကွာတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ထန်းတပင်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ဒါးဒေါက်ရွာသည် မြေပြန့်တွင်တည်ရှိပြီး အဓိကအသက်မွေး ဝမ်းကျောင်း လုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်း များလုပ်ကိုင်ကြပါသည်။ ဒေသ၏ တစ်နှစ် ပျမ်းမျှ မိုးရေချိန်လက်မ (၆၀)မှ(၈၀) ဝန်းကျင်တွင်တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် မြေပြန့်တွင် တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုမှကင်းလွတ်သည်။ ကျေးရွာအနီးတွင် မြေပြန်တွင် ရှိသဖြင့် လယ်ယာ မြေများသည် စပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရန်နှင့် ကြက်၊ ဝက်၊ နွားမွေးမြူရေး လုပ်ငန်းများမှာ အသက်မွေးဝမ်းကျောင်းရန်အတွက် အဓိကအားထားရာဖြစ်သည်။

(ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်

ကျေးရွာ၏ စိုက်ပျိုးမြေများသည် မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်လယ်ဧက(၈၀၀) ဧကရှိပြီး မိုးရာသီတွင်စပါးစိုက်ပျိုး၍ ဆောင်းရာသီတွင် ပဲများကိုအဓိကစိုက်ပျိုးကြပါသည်။ ကျေးရွာတွင်သဘာဝတွင်းထွက် သယံဇာတများလည်း မရှိပါ။ ရာသီဥတု အနေအထားမှာလည်း ပုံမှန်ပင်ဖြစ်ပါသည်။

(ဂ) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဒါးဒေါက်ကျေးရွာတွင် အုပ်ချုပ်မှုဆိုင်ရာ(၁)ဖွဲ့၊ လူမှုရေးဆိုင်ရာ အဖွဲ့ အစည်း(၁)ဖွဲ့၊ ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၁)ဖွဲ့နှင့် ပညာရေးဆိုင်ရာ(၁)ဖွဲ့တို့ရှိပါသည်။ ကျေးရွာလူမှုရေး အသင်းမှာ သာရေး၊ နာရေးကိစ္စအပါအဝင် ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေးကိစ္စလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး လှုပ်ရှားဆောင်ရွက်မှုအားကောင်းသည်။ ကျေးရွာတွင်ရှိသော အဖွဲ့အစည်း များမှာ အုပ်ချုပ်ရေးအဖွဲ့၏ စီမံကွပ်ကဲမှု၊ ဘာသာရေးအဖွဲ့၏ ဦးဆောင်မှုတို့ဖြင့် စည်းလုံးညီညွတ်မှု ရှိသည်။

(ဃ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ ဖြစ်ရာ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်လျော့နည်းသည်။ ကျေးရွာတွင် လယ်မြေ ပိုင်ဆိုင်မှု ဧက (၈၀၀)ခန့် ရှိပြီး သီးနှံအထွက်နှုန်းမှာ သာမန်ပင်ဖြစ်သည်။ စပါးတစ်ဧကပျမ်းမျှ အထွက်နှုန်း (၈၀) တင်းမျှသာထွက်ရှိသည်။ မတ်ပဲတစ်ဧက ပျမ်းမျှအထွက်နှုန်း(၈)တင်းမျှသာ ထွက်ရှိသည်။ သီးနှံစျေး ကျဆင်းခြင်းကြောင့် တောင်သူများ အနေဖြင့် ဝင်ငွေခက်ခဲကြသည်။

ဒါးဒေါက်ကျေးရွာတွင် ဝက်မွေးမြူသည့်အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၅၀%)ဝန်းကျင်သာရှိပြီး စျေးကွက်တွင် အရောင်းအဝယ်ကောင်းမွန်ပါသည်။ တစ်နိုင်တစ်ပိုင် မွေးမြူခြင်းမျိုးသာဖြစ်၍ဝင်ငွေကောင်းမွန်မှု၊ စီးပွားဖြစ်ထွန်းမှု လျော့နည်းသည်။ ဒေသကြက် မွေးမြူသည့်အိမ်ထောင်စုမှာ တစ်ရွာလုံး၏(၂၉%)ရှိပြီး စျေးကွက်ကောင်းမွန်ပါသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သောတိရိစ္ဆာန်ရောဂါကျရောက်မှုရှိပြီးအထူးသဖြင့်ကြက်လည်လိမ်ရောဂါ၊လည်ချောင်း ကွဲနှင့်ခွာနာလျှာနာအဖြစ် များပြီးရောဂါကြောင့်သေဆုံးပျက်စီးမှုရှိသည်။ ဆင်းရဲသော အိမ်ထောင်စု များမှာ မွေးမြူရေး လုပ်ငန်း တိုးချဲ့ဆောင်ရွက်ရန် ငွေကြေးခက်ခဲမှုရှိသည်။

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားလုပ်သားများ၊ စျေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ ပန်းရံ၊လက်သမားနှင့် ဝန်ထမ်းများဖြစ်ကြသည်။ကျေးရွာတွင်ဆင်းရဲ၊ ချမ်းသာ သောအဆင့်အတန်းသတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၈၅%)သည် ဆင်းရဲသည့် အိမ်ထောင်စု များဖြစ်ကြသည်။ ကျပန်းလုပ်သားများအနေဖြင့် လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစား အလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေ အထားတွင်ရှိသည်။ပန်းရံ၊ လက်သမား လုပ်ကိုင်သူ ဆရာအဆင့်လုပ်အားခမှာ တစ်ရက်လျှင် (၈၀၀၀)ကျပ် ရနိုင်ကြသည်။ ကျေးရွာတွင် စပါးနှင့်ပဲ သီးနှံ များအား အဓိကစိုက်ပျိုးမှုတွင် ယခင်က လူအားဖြင့် ကောက်စိုက်၊ ပျိုးနှုတ်၊ ပေါင်းသတ်၊ ထွန်ယက် ကြသဖြင့် နေ့စားကျပန်းတို့အတွက် အလုပ်အကိုင်များအဖြစ် စပါး စိုက်ခင်းများတွင် လုပ်ကိုင်လျက် ရှိရာ လူ(၁)ဦးလျှင် ပျမ်းမျှ တစ်ရက်အတွင်း လုပ်အားခ(၄၅၀၀)နှုန်း ခန့်ရရှိကြသည်။ တစ်နှစ် အတွင်း ရိတ်သိမ်းရသည့် အလုပ်လုပ်ရက်ပေါင်း (၂၀)ခန့်သာရှိသည်။ လုပ်အားခ ရရှိမှုတွင် ကျား/မ မတူညီသလို လူအရေအတွက်လည်းမတူညီပေ။ အမျိုးသားများ လုပ်အားခသည် ပို၍ရသည်။

(c) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ဒါးဒေါက်ကျေးရွာ၏ ရွာလယ်လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးတွင်းအခါတွင် သွားလာရန် အခက်အခဲများရှိပါသည်။

(စ) ပညာရေး

ကျွန်တော်တို့ ဒါးဒေါက်ကျေးရွာတွင်အလယ်တန်းခွဲ ကျောင်းရှိပါသည်။ ကျောင်းဆောင် မှာလည်း သွပ်မိုး၊ အုတ်နံရံကာနှင့် ကွန်ကရစ်ခင်းထားပါသည်။ ကျောင်းသားဦးရေနှင့် စာသင် ကျောင်း လုံလောက်မှုမရှိပါ။ ကျေးရွာ၏စာတတ်မြောက်မှု အနေအထားမှာ အောက်ဆုံးအဆင့် အနေဖြင့်ရေးတတ်၊ ဖတ်တတ်ဖြစ်သည်။ မူလတန်းအောင်ရာခိုင်နှုန်း မြင့်မားသည်။ ကျောင်းနေအရွယ်ကလေးများလုံး ကျောင်းအပ်နှံ၍တက်ရောက်မှုရှိကာ ပညာရေးကို အလေးပေးကြပါသည်။ ကျောင်းတွင်လည်းပရိဘောဂလုံလောက်မှုမရှိပါ။ ကျောင်း၏သင်ကြားရေး ဆရာ/မအင်အားလည်း မလုံလောက်ပါ။ ယခုနှစ်တွင်ပညာရေးဝန်ကြီးဌာနမှ မူလတန်း ကျောင်းသား များအတွက် ပြဋ္ဌာန်းစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပစ္စည်းများ အခမဲ့ထောက်ပံ့ပေး ပါသည်။ ကျောင်းတွင် အဟာတိုက်ကျွေးမှု အစီအစဉ်လည်း နှစ်စဉ်ရှိပါသည်။

(ဆ) ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ ကျန်းမာရေးကိစ္စများ ပေါ်ပေါက်လာပါက ထန်းတပင်မြို့နယ် ဆေးရုံသို့သွားရောက်၍ ကုသမှုခံယူကြပါသည်။

(ဇ) ဘေးအန္တရာယ်နှင့် ဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည် သစ်တောပြုန်းတီးမှုကြောင့် သဘာဝတွင်းထွက်များ နည်းလာခြင်း၊ မိုးရွာသွန်းမှုပုံမမှန်ဖြစ်လာခြင်းကြောင့်သီးနှံများအထွက်နှုန်းနည်းလာခြင်း၊ဓါတ်မြေဩဇာများလွန်ကဲ စွာသုံးစွဲမှုကြောင့် မြေဆီလွှာပျက်မှုအသင့်အတင့်ရှိသည်။

(ဈ) ကျား/ မ ရေးရာ

ကျေးရွာတွင်ကျား/မရေးရာဆိုင်ရာ ဆက်နွယ်မှုတည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်းကျား/မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့် အခြား နယ်ပယ် များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘူယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်း များတွင်မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊မ အရေအတွက်မှာ

အလွန်ကွာခြားမှု မရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အလမ်းများမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရ ကြသည်။ဥ ပမာအားဖြင့် သဘာဝနှင့် အင်အား စိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်း ပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့ နည်းလျက် ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှုအသင့်အတင့် ရှိကြသည်။ ကျား/မတန်းတူ ညီမျှမှုနှင့်ပတ်သက်၍ အသိပညာ ပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

၅. ဦးစားပေးဆောင်ရွက်ရမည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးစနစ် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်း အဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၅. ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

ကဏ္ဍ/ အကြောင်းအရာ	စီမံချက်	ရမှတ် ပေါင်း	အဆင့်	စီမံချက်အကြောင်းရှင်းလင်း ဖော်ပြချက်
ကျေးရွာတွင်းလမ်းကျောက်ခြောခင်းခြင်း	၁။ လမ်းတံတားဖွံ့ဖြိုးမှု စီမံချက်	၉၃	၁	- ရာသီမရွေးသွားလာရအဆင်ပြေစေရန်
ကျေးရွာချင်းဆက်လမ်းကျောက်ခြောခင်းခြင်း	၂။ လမ်းတံတားဖွံ့ဖြိုးမှု စီမံချက်	၈၅	၂	- ရာသီမရွေးသွားလာရအဆင်ပြေစေရန်
ကျေးရွာချင်းဆက်သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း	၃။ လမ်းတံတားဖွံ့ဖြိုးမှု စီမံချက်	၇၉	၃	- ရာသီမရွေးသွားလာရအဆင်ပြေစေရန်

ပဲခူးတိုင်းဒေသကြီးတောင်ငူခရိုင်ထန်းတပင်မြို့နယ် ဒါးဒေါက်ကျေးရွာ- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒါးဒေါက် ကျေးရွာ၊ ဒါးဒေါက် ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်ထိုက်	ဦးကောင်းကန်	၇/ထကန(နိုင်)၀၆၆၇၄၃	၅၅	ဥက္ကဋ္ဌ	09250395291
၂	ဦးဝင်းမြင့်	ဦးမြင့်	၇/ထကန(နိုင်)၀၁၁၆၁၈	၆၀	ဒုဥက္ကဋ္ဌ	
၃	ဦးကျော်ကျော်	ဦးအဝေး	၇/ဝဖန(နိုင်)၀၁၆၉၇	၅၈	တွင်းပို့မှူး	
၄	ဒေါ်ခင်ခင်ဇော်	ဦးကံဖြူ	၆/ဖတပ(နိုင်)၀၅၇၆၀၁	၄၇	ဒုတိယဝင်	09428057514
၅	ဦးဝင်းထိုက်	ဦးကောင်းသန့်			စာရင်းကိုင်	09428168091
၆	ဦးဖေဖေသန့်	ဦးဆင်ဒေ			ဘဏ္ဍာတိုက်	09428014640
၇	ထွန်းထွန်းမိုးဦး	ဦးဝေယျ			ဒုတိယဝင်	
၈						
၉						
၁၀						
၁၁						
၁၂						
၁၃						
၁၄						
၁၅						

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၇	၁၇	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၂	၁၇	၃၉	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၅	၃၃	၇၈	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၅	၃၉	၈၄	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၂၀	၃၀၁	၆၂၁	-	-
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၆	၁၂	-	-
စုစုပေါင်း		**၄၄၈**	**၄၀၃**	**၈၅၁**	**-**	**-**
		၂၄၀				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်၆၅နှစ်နှင့် အက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာအတွင်းရှိလူဦးရေသည် နို့စို့ကလေးအနည်းငယ်နှင့် သက်ကြီးအနည်းငယ်သာရှိပြီး အလုပ်လုပ်နိုင်သော အရွယ်များပြားသဖြင့် လူစွမ်းအားအရင်းမြစ်ရှိကြောင်းတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁၃	၁၁၇	၂၃	မြင့် ☑ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၀၃	၁၂၀	၅	မြင့် ☑ လတ်☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂၀	၂၀		မြင့် ☐ လတ်☑ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှနေရာတစ်ခုခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း			၃	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂		၂	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှနံရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁			မြင့် ☐ လတ်☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂၃	မြင့် ☐ လတ်☐ နိမ့် ☑
	စုစုပေါင်း	၂၄၀	၂၅၈	၅၆	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်လယ်ယာစိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပါသည်။ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများပြား၍ အလုပ်သမားအနည်းငယ်သာရှိပါသည်။ မွေးမြူရေးကိုလည်း အဓိကလုပ်ငန်းအဖြစ်လုပ်ကိုင်သူများရှိသကဲ့သို့ အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လည်းလုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၅၀၀	၃၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၅၀၀၀	၃၅၀၀	၄၀၀၀	၃၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၇၀၀၀	၅၀၀၀	၆၀၀၀
၇	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။လုပ်အားစိုက်ထုတ်မှုပေါ်မူတည်၍ အမျိုးသားများသည် အမျိုးသမီးများထက် ဝင်ငွေပိုကောင်းကြပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၈၀၀.၅	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၂	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၈၀၀.၅၀**	☒		
	၈၀၂.၅			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပါသည်။

(ဂ-၂) **ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☑အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဓါတ်သတ္တုမထွက်ရှိပါ။ သဘာဝအပင်မျိုးစေ့နှင့် ဆေးဘက်ဝင်အပင်များနှင့် တိရိစ္ဆာန်စားသုံးရန်အပင်များ ပေါက်ရောက်ကြောင်းတွေ့ရှိရပါသည်။

(ဃ) **ဥစ္စာဓနအဆင့်အခြေအနေ**

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိသောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည်သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	**အလွန်ကောင်း**	**အသင့်အတင့် ကောင်း**	**ညံ့**	**အလွန်ညံ့**
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	**များ**	**အသင့်အတင့်**	**နည်း**	**မရှိ**
အဓိကစီးပွားရေးလုပ်ငန်း	**စီးပွား (ဝင်ငွေ) အလွန်ကောင်း**	**စီးပွား (ဝင်ငွေ) အသင့်အတင့်**	**စီးပွား (ဝင်ငွေ) နည်း**	**စီးပွား(ဝင်ငွေ) အလွန်နည်း**
အိမ်ထောင်စု	၁၆	၁၀၉	၇၆	၃၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။မြေယာပိုင်ဆိုင်မှု အသင့်ရှိ၍ အလယ်အလတ်အိမ်ထောင်စုများသောကြောင့် ဥစ္စာဓန အသင့်ရှိပါသည်။

(c) **ထိခိုက်လွယ်မှု**

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၈၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ =၉ ချေးယူ = ၃၂ လုပ်အားခကြိုယူ = ၃၉
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၂၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = ၂၀
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဝမ်းစာဖူလုံမှုမရှိသော်လည်း အစားအစာပြောင်းလဲစားခြင်း၊ အစားလျော့ စားခြင်းများ မတွေ့ရှိရပါ။ အထောက်ပံ့ယူခြင်း၊ ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်း အစရှိသောနည်းလမ်းများဖြင့်ဖြေရှင်းဆောင်ရွက် နေရကြောင်းလေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောမိသားစုများမရှိကြောင်း တွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			
	သဘာဝဘေးအန္တရာယ်များ	မြင့်	လတ်	နိမ့်	မရှိ
၁	စားနပ်ရိက္ခာမဖူလုံမှု	☑			
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	☑			
၃	ရေကြီးခြင်း				☑
၄	မိုးခေါင်ခြင်း				☑
၅	အအေးလွန်ကဲခြင်း				☑
၆	မုန်တိုင်း			☑	
၇	ငလျင်			☑	
၈	မီးဘေး			☑	
၉	ဆားငန်ရေဝင်မြေ				☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု				☑
၁၁	သစ်တောပြုန်းတီးခြင်း			☑	
၁၂	ငှက်ဖျားရောဂါ			☑	
၁၃	တီဘီရောဂါ			☑	
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ				☑
၁၅	ပြည်တွင်းပဋိပက္ခ				☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု				☑
၁၇	လူကုန်ကူးခြင်း				☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်				☑

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စားနပ်ရိက္ခာမဖူလုံမှု ထိခိုက်သက်ရောက်မှု အခြေအနေ အလယ်အလတ် အဆင့် ရှိကြောင်းနှင့် သဘာဝရင်းမြစ် ရှားပါးမှုရှိပြီး အခြားထိခိုက်မှုများမှာ အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			
	သဘာဝဘေးအန္တရာယ်များ	မြင့်	လတ်	နိမ့်	မရှိ
၁	လူငယ်	☑			
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု				☑
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	☑			
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင်နေထိုင်သူ				☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ				☑
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ				☑
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)				☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ				☑
၉	ငါးကန်ပိုင်ရှင်များ				☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	☑			
၁၁	လူနည်းစုလူမျိုးများ			☑	
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ				☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ				☑
၁၄	ရွှေတွင်းလုပ်သားများ				☑
၁၅	ဆေးစွဲသူများ				☑
၁၆	ကူးစက်ရောဂါဖြစ်				☑
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ			☑	
၁၈	နေရပ်ပြန်အခြေချသူများ				☑
၁၉	ရွှေ့ပြောင်းလုပ်သားများ				☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ			☑	

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လူငယ်များသည် အရက်သေစာသောက်စား၍ ဆိုင်ကယ်မောင်းနှင်ခြင်း တို့ကြောင့် ဆိုင်ကယ်မတော်တဆမှုများ ဖြစ်လွယ်ခြင်းတို့ကြောင့် ထိခိုက်လွယ်သည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေးအဖွဲ့	၁☐၂☑၃☐	၈	-	၈	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	မိဘဆရာအဖွဲ့	၁☐၂☑၃☐	၃၀	၄	၃၄	ပညာရေး☑ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၃	လူမှုရေးအဖွဲ့	၁☐၂☑၃☐	၆	၅	၁၁	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး✓ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်✓ ညံ့☐
၄	ဘာသာရေးအသင်း	၁☐၂☐၃☑	၅	-	၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဖွဲ့အစည်းများသည် အဖွဲ့၏ တာဝန်နှင့် လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်သည်ကို တွေ့ရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄	-	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ဌေကြေး□ကျန်းမာရေး□ဘာသာရေး□စိုက်ပျိုးမွေးမြူရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –မမွေစကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်**) **တို့ကို ဤဇယားတွင် ထည့်သွင်း ဖော်ပြခြင်းမပြုပါရန်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၂၂	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၃၁	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၇၆	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၈	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၂၄၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ တောင်သူကြီးနည်းပါးပြီး လယ်ယာမဲ့များကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၆	လက်ဝင်ရေတွင်း	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ရာသီအလိုက် စိုက်ပျိုးရေးရှိပြီး အခြားဆည် ၊ ချောင်းရေ စသည်ရေအရင်းအမြစ် ရရှိနိုင်မှုများမရှိကြောင်း တွေ့ရှိရသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၈၀၀	**တင်း**	၄၀	၉၀	**၆၅**	၆	၁၁	**မြင့်☐ လတ်☑ နိမ့်☐**	**မြင့်☐ လတ်☑ နိမ့်☐**
မတ်ပဲ	၁၀၀	**တင်း**	၇	၁၁	**၆**	၁၁	၃	**မြင့်☐ လတ်☑ နိမ့်☐**	**မြင့်☐ လတ်☑ နိမ့်☐**

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်စပါးနှင့် မတ်ပဲကိုအဓိကစိုက်ပျိုးကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက်
ထွန်စက်	၁၅			၃၄
လက်တွန်းထွန်စက်	၁၆			၂၁
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်	၃			၁၅
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၁၄			
ရေစုပ်စက်				
ခြေနင်းရေတင်စက်	၂၇			
မြက်ရိတ်စက်	၂			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လယ်ယာသုံးစက်ပစ္စည်းပိုင်ဆိုင်မှုမှာ တစ်ဦးပိုင်များပြီး ဆင်းရဲသားတောင်သူများမှာ ငှားရမ်းလုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်☐ ရသည်☑ မဖြေဆိုပါ☐**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐** **သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐**
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်☐ရနိုင်သည်☑မဖြေဆိုပါ☐**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူရနိုင်သည်☐ရနိုင်သည်☐မဖြေဆိုပါ☑**
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐** **သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐**

ရင်းမြစ် ... (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာလုပ်သားအင်အားမှာအားနည်းပြီး အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ အလွယ်တကူခေါ်နိုင်ပါသည်။ နည်းပညာပိုင်းဆိုင်ရာလည်းလွယ်ကူစွာသိရှိနိုင်ပြီးသီးနှံစျေးကွက်နှင့်ကုန်သွယ်မှုများကိုလည်း လွတ်လပ်စွာရောင်းချနိုင်ကြောင်းတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်□မဖြေဆိုပါ☑**
လယ်ယာမြေအသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□လယ်ယာမြေဆုံးရှုံးမှုများသည်□ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☑ပလပ်မြေများရှိသည်□ ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□**
သဘာဝမြေဆွေး/အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	**အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင်☑လုံးဝမရ□မဖြေဆိုပါ□**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင်□လုံးဝမရ□မဖြေဆိုပါ☑**
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ□ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ□မဖြေဆိုပါ☑**
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ□အသင့်အတင့်ကျ☑အနည်းငယ်□မဖြေဆိုပါ□**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သဘာဝမြေဆီမကောင်းခြင်း၊ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိခြင်း၊ တိုးချဲ့လုပ်ကိုင်ရန် လယ်မြေမရှိခြင်း၊ လုပ်သားများအလွယ်တကူမရနိုင်ခြင်း၊ဖျက်ပိုးနှင့်ရောဂါများကျရောက်နိုင်ခြင်းတို့ကြောင့်သီးနှံထုတ်လုပ်နိုင်မှုအတွက် ပြဿနာများ၊ အခက်အခဲများရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၀၈	၂၄၅
နို့စားနွား	၂၀	၂၅
ကျွဲ		
မြင်း		
မြည်း		
လား		
ဆိတ်		
သိုး	၁	၃
ဝက်	၁၁၃	၂၀၁
ကြက်	၁၉၂	၁၆၇၃
ဘဲ		
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်းမွေးမြူရေးလုပ်ငန်း		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍နွား၊ ကြက်၊ဝက်၊ဆိတ် အဓိကထား၍မွေးမြူပြီး ကျွဲ၊နွားကို စိုက်ပျိုးရေးအတွက်ခိုင်းစေရန်နှင့် ဝက်၊ကြက်၊ဘဲတို့ကို တစ်နိုင်တစ်ပိုင်အဖြစ် မွေးမြူကြကြောင်းတွေ့ရှိရသည်။

(၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/** **ရှင်းလင်းချက်**(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	**ပေါများ□အသင့်အတင့်□မဖြေဆိုပါ☑**
ရေရရှိမှု	**အလုံအလောက်ရနိုင်□အသင့်အတင့်ရနိုင်☑မဖြေဆိုပါ□**
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်□မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်□မဖြေဆိုပါ☑**
ချေးငွေ	**ချေးငွေလွယ်ကူစွာရနိုင်□ချေးငွေအသင့်အတင့်ရနိုင်☑မဖြေဆိုပါ□**
သွင်းအားစု(**မွေးမြူရေးအစာ၊ ဆေးစသည်**) ဈေးကွက်	**သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□ သွင်းအားစုများဝယ်ယူနိုင်သည်☑မဖြေဆိုပါ□**
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	**နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။□** **နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။□** **မဖြေဆိုပါ☑**
ထုတ်ကုန်ရောင်းဝယ်မှု	**ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□** **ထုတ်ကုန်များကိုရောင်းချနိုင်သည်☑မဖြေဆိုပါ□**
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	**အလုံအလောက်ရှိသည်□အသင့်အတင့်ရှိသည်□မဖြေဆိုပါ☑**
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ□မဖြေဆိုပါ□**
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	**လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်□ဝယ်ယူရနိုင်သည်□မဖြေဆိုပါ□**
ချေးငွေ	**လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်□ချေးငွေရနိုင်သည်□ မဖြေဆိုပါ□**
သွင်းအားစုလက်လှမ်းမီမှု	**သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□** **သွင်းအားစုများဝယ်ယူနိုင်သည်□မဖြေဆိုပါ□**
နည်းပညာအကူအညီနှင့်နည်းလမ်းများ	**နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။□** **နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။□မဖြေဆိုပါ□**
ထုတ်ကုန်ရောင်းဝယ်မှု	**ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□** **ထုတ်ကုန်များကိုရောင်းချနိုင်သည်□မဖြေဆိုပါ□**
ငါးဖမ်းခွင့်ရရှိနိုင်မှု	**လွယ်ကူသည်□အသင့်အတင့်လွယ်ကူသည်□မဖြေဆိုပါ□**

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မြေလွတ်မြေလပ်နည်းပါးမှု၊ စားကျက်မြေနည်းပါးခြင်း၊ ရေရရှိမှုနည်းပါးခြင်း၊ မွေးမြူရေးအတွက် အစားအစာ၊ဆေးဝါးနှင့် မွေးမြူရေးနည်းပညာနည်းပါးမှုကြောင့် မွေးမြူရေးအခွင့်အလမ်းနည်းပါးကြောင်း တွေ့ရှိရပါသည်။

(၃) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

